DISCOVER

ITS BEAUTY

အစ္စလာမ်သာသနာ၏ အလှတရားကို ရှာဖွေပါ



# အစ္စလာမ်ဘာသာရှိ အမြင့်ဆုံးအမှန်တရား

အလ္လာဟ်အရှင်မြတ်(ထာဝရဘုရားသခင်) ၏ တစ်ဦးချင်းစီသော တမန်တော်မြတ်များနှင့် သတင်းပို့သူများ – အာဒမ်၊ နူးဟ်၊ အီဘရာဟင်၊ မူဆာ၊ အီစာ နှင့် မုဟမ္မဒ် – အားလုံးကို တစ်ပါးတည်းသော ဘုရားရှင်ဖြစ်သော အလ္လာဟ်အရှင်မြတ်က စေလွှတ်တော်မူခဲ့သည်။ ၎င်းတို့အားလုံးသည် အချိန်မရွေးတူညီသော သတင်းတော်များကို သယ်ဆောင်လာခဲ့ကြသည်။

**“အလ္လာဟ်အရှင်မြတ်သည် စစ်မှန်သောဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏။အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုသာ ကိုးကွယ်ပါ။”**

**နောက်ထပ်အချက်အလက်နှင့် ဆွေးနွေးမှုအတွက် –**

**www.discoveritsbeauty.com**

# အစ္စလာမ်ဘာသာ၏ အဓိကအမည်များနှင့် ယုံကြည်ချက်များ

**"အလ္လာဟ်"** သည် တစ်ပါးတည်းသော အမှန်တကယ်တည်ရှိသော ဘုရားသခင်၏ နာမည်ဖြစ်တော်မူသည်။ သူသည် စကြာဝဠာအတွင်းရှိ အရာအားလုံးကို ဖန်ဆင်းခဲ့သူ ဖြစ်ပြီး လူသားအားလုံး၏ တစ်ဦးတည်းသော အမှန်တကယ်ရှိသော ဘုရားသခင်ဖြစ်သည်။

**"မုဟမ္မဒ်"** (ဆွ) (အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ငြိမ်းချမ်းခြင်းမှု အဖြာဖြာကျရောက်တော်မူပါစေ) သည် အလ္လာဟ်အရှင်မြတ်၏ နောက်ဆုံး တမန်တော်မြတ် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် လူသားအားလုံးအား လမ်းပြရန်အတွက် တမန်တော်မြတ် မုဟမ္မဒ်(ဆွ)ကို စေလွှတ်တော်မူခဲ့သည်။

**"ကုရ်အာန်"** သည် အလ္လာဟ်အရှင်မြတ်၏ နောက်ဆုံးပို့ချတော်မူသော စကားတော် ဖြစ်ပြီး၊ အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ် မုဟမ္မဒ်(ဆွ)ထံသို့ ဗျာဒိတ်ပေးတော်မူခဲ့သည်။

**"အစ္စလာမ်"** သည် အလ္လာဟ်အရှင်မြတ်(တစ်ပါးတည်းသော အမှန်တကယ်ရှိသော ဘုရား) ထံသို့ မိမိကိုယ်ကို  အပ်နှံခြင်းကို ဆိုလိုသည်။

**"မွတ်စလင်မ်"** သည် အလ္လာဟ်အရှင်မြတ်ထံ လုံးဝအပ်နှံပြီး အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းကိုသာ ဝတ်ပြုသူ ဖြစ်သည်။

**အစ္စလာမ်ဘာသာတွင် ပျော်ရွှင်ခြင်းနှင့် လွတ်မြောက်ခြင်းဆီသို့ သွားရောက်နိုင်မည့် တံခါးပေါက်**
(ယုံကြည်ခြင်း၏ သက်သေချက်)

**"အလ္လာဟ်အရှင်မြတ်မှတစ်ပါး အခြားကိုးကွယ်ထိုက်သော ဘုရားသခင်မရှိကြောင်း နှင့်တမန်တော်မြတ် မုဟမ္မဒ် □ဆွ□သည် အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် နှင့် သတင်းပို့တော်မူသူဖြစ်ကြောင်းကို ကျွန်ုပ် သက်သေခံအပ်ပါသည်။"**

("ဤသက်သေခံချက်ကို အာရဗီဘာသာဖြင့် နားထောင်ပါ။")

ဤသည်မှာ အစ္စလာမ်သာသနာကို လက်ခံရန် အတွက် ထုတ်ဖော်ပြောဆိုရန် လိုအပ်သော ယုံကြည်ခြင်း၏ သက်သေခံချက် ဖြစ်သည်။ ၎င်းသည် အစ္စလာမ်၏ အမှန်တရား၊ အလှတရားနှင့် ရိုးရှင်းမှုတို့ကို အကျဉ်းချုပ် ဖော်ပြထားပါသည်။

Burmese